၂၀၁၉

# ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်
# နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ

**(အခွန်ကြေညာလွှာကို မှန်ကန်ပြည့်စုံစွာဖြည့်စွက်နိုင်ရန် ညွှန်ကြားချက်ကို ဖတ်ရှုပေးပါ။)**
**(၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အတွင်း တင်သွင်းရမည့် နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ)**

| | | | |
|---|---|---|---|
| **အခွန်ထမ်း၏ ကိုယ်ရေးအချက်အလက်** | **က။ အခွန်ထမ်းအမျိုးအစား :** သက်ဆိုင်ရာအကွက်တွင် အမှတ်ခြစ်ပါ ► ☐ တစ်ဦးချင်းပုဂ္ဂိုလ် ☐ ပုဂ္ဂိုလ်စု ☐ ကုမ္ပဏီ<br>☐ အခြေခံသမဝါယမအသင်း (Primary Co-operative)<br>☐ အခြားသမဝါယမအသင်း (Non-primary Cooperative)<br>**ခ။ နေထိုင်မှု :** သက်ဆိုင်ရာအကွက်တွင် အမှတ်ခြစ်ပါ ► ☐ မြန်မာနိုင်ငံသား ☐ ပြည်ပနေနိုင်ငံသား<br>☐ ပြည်ပနေနိုင်ငံခြားသား ☐ ပြည်တွင်းနေနိုင်ငံခြားသား<br>**ဂ။ နိုင်ငံ အမည် (အခွန်နှစ်ထပ်မကျသင့်စေရေးစာချုပ်ဝင်နိုင်ငံဖြစ်ပါက) )** ► ______________________<br>**ဃ။ သက်ဆိုင်ရာအကွက်တွင် အမှတ်ခြစ်ပါ :** ☐ ပြည်တွင်းအခွန်များ ဦးစီးဌာနထံသို့ တင်သွင်းသည့် ကနဦးကြေညာလွှာ<br>☐ ပြည်တွင်းအခွန်များ ဦးစီးဌာနထံသို့ တင်သွင်းသည့် အပြီးသတ်ကြေညာလွှာ<br>☐ ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပြင်ဆင်ထားသည့် ကြေညာလွှာ<br>☐ လိပ်စာပြောင်းလဲခြင်း | | |
| အမည် | | အခွန်ထမ်းမှတ်ပုံတင် အမှတ် | |
| ဇနီး(သို့)ခင်ပွန်းအမည် အပြည့်အစုံ (အိမ်ထောင်ရှိပါက) | | အခွန်ထမ်းမှတ်ပုံတင် အမှတ် | |
| စာပို့လိပ်စာ (စာပို့သင်္ကေတဖော်ပြပါ) | | | |
| နေရပ်လိပ်စာ | | | |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | | အီးမေးလ်လိပ်စာ | |
| အကောက်ခွန် IE Code | | Industry Code<br>လုပ်ငန်းအမျိုးအစား<br>ကုဒ်နံပါတ် | |

မှတ်ချက်။ ထုတ်လုပ်သည့်ကုန်စည် သို့မဟုတ် ရောင်းချသည့် ကုန်စည်များ၏ အမျိုးအမည်များကို သီးခြားပူးတွဲစာဖြင့် ဖော်ပြပါ။ ကုန်စည်ရောင်းရငွေနှင့် ဝန်ဆောင်မှုရငွေများသည် ကျပ်ငွေဖြင့် ရသည်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့် ရသည် ဖြစ်စေ၊ ငွေသားအားလုံးကိုကျပ်ငွေဖြင့်ပြပါ။ နိုင်ငံခြားငွေ မှ မြန်မာကျပ်ငွေသို့ လဲလှယ်ရာတွင် ငွေလဲလှယ်နှုန်းကို ပူးတွဲဖော်ပြပါ။

| **အပိုင်း က**<br>**ကုန်စည်ထုတ်လုပ်ရောင်းချခြင်း/ကုန်သွယ်မှုဆောင်ရွက်ခြင်းအပေါ် ထမ်းဆောင်ရမည့် အသားတင်ကုန်သွယ်လုပ်ငန်းခွန်** | | (က)<br>စုစုပေါင်း ရောင်းရငွေ (ကျပ်)<br>(ကုန်သွယ်လုပ်ငန်းခွန်ကို ထည့်သွင်းခြင်းမပြုရပါ။ သို့သော် အထူးကုန်စည်ခွန်ကို ထည့်သွင်းရပါမည်။)<br>(ညွှန်ကြားချက်ကိုကြည့်ပါ) | (ခ)<br>အခွန်<br>ရာခိုင်နှုန်း | (ဂ)<br>ကျသင့်ခွန်<br>ဒေါင်လိုက်အကွက် (က) x ဒေါင်လိုက်အကွက် (ခ)<br>(ညွှန်ကြားချက်ကိုကြည့်ပါ) |
|---|---|---|---|---|
| ၁ | ပြည်ပသို့တင်ပို့ရောင်းချသည့် ရေနံစိမ်းများ | | ၅% | |
| ၂ | ပြည်ပသို့တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အား | | ၈% | |
| ၃ | ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှရောင်းရငွေ | | ၁% | |
| ၄ | နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေ | | ၃% | |
| ၅ | အလျားကွက် ၆ ရှိ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရသည့် ကုန်စည်များမှအပ အခြားကုန်စည်များ (ညွှန်ကြားချက်တွင် ကြည့်ပါ။) | | ၅% | |
| ၆ | ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရသည့် ကုန်စည်များ (ညွှန်ကြားချက်တွင် ကြည့်ပါ။) | | | |
| ၇ | **အထက်ဖော်ပြပါ ကုန်စည်များမှ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း နှင့် ကုန်သွယ်မှု လုပ်ငန်းအပေါ် ထမ်းဆောင်ရမည့် အသားတင်ကုန်သွယ်လုပ်ငန်းခွန်** (ဒေါင်လိုက်ကွက်(ဂ)ရှိ အလျားကွက် ၁ မှ ၅ အထိကိုပေါင်းပါ။) | | | |

| **အပိုင်း ခ**<br>**နိုင်ငံတော်အတွင်း ဆောင်ရွက်သည့်ဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ် ထမ်းဆောင်ရမည့် အသားတင် ကုန်သွယ်လုပ်ငန်းခွန်** | | (က)<br>စုစုပေါင်းရရှိငွေ (ကျပ်)<br>(ကုန်သွယ်လုပ်ငန်းခွန်ကို ထည့်သွင်းခြင်း မပြုရပါ) | (ခ)<br>အခွန်<br>ရာခိုင်နှုန်း | (ဂ)<br>ကျသင့်ခွန်<br>ဒေါင်လိုက်အကွက်<br>(က) x (ခ) |
|---|---|---|---|---|
| ၁ | ဆက်သွယ်ရေးဝန်ဆောင်မှုများ – ကြိုတင်ငွေဖြည့်ကဒ်များ/ဖုန်းပြောဆိုခများ | | ၅% | |
| ၂ | ဆက်သွယ်ရေးဝန်ဆောင်မှုများ – အခြားဆက်သွယ်ရေးဝန်ဆောင်မှုများ | | ၅% | |
| ၃ | အလျားကွက် ၄ ရှိ ကုန်သွယ်ခွန်ကင်းလွတ်ခွင့်ရသည့် ဝန်ဆောင်မှုလုပ်ငန်းများ မှအပ နိုင်ငံတော်အတွင်း ဆောင်ရွက်သည့် ကျန်ဝန်ဆောင်မှုလုပ်ငန်းများ | | ၅% | |
| ၄ | ကုန်သွယ်ခွန်ကင်းလွတ်ခွင့် ရသည့် ဝန်ဆောင်မှုလုပ်ငန်းများ<br>(ညွှန်ကြားချက်တွင်ကြည့်ပါ။) | | | |
| ၅ | **နိုင်ငံတော်အတွင်း ဆောင်ရွက်သည့်ဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ် ထမ်းဆောင်ရမည့် အသားတင် ကုန်သွယ်လုပ်ငန်းခွန်**<br>(ဒေါင်လိုက်ကွက်(ဂ)ရှိ အလျားကွက် ၁ မှ ၃ အထိ စုစုပေါင်းပမာဏကို ဖြည့်ပါ) | | | |

| **အပိုင်း(ဂ) – အသားတင်ပေးဆောင်ရန် ကုန်သွယ်လုပ်ငန်းခွန် (သို့မဟုတ်) အခွန်ပိုပေးဆောင်ထားခြင်း** | |
|---|---|
| ၁။ **ပေးဆောင်မှုများမပြုမီ အသားတင်ကုန်သွယ်လုပ်ငန်းခွန်၊** အပိုင်း က အလျားကွက် ၇ နှင့် အပိုင်း ခ အလျားကွက် ၅ တို့ကို ပေါင်းပါ။ | |
| **သက်ဆိုင်ရာကာလအတွင်း ပေးဆောင်ခဲ့သည်များ** | |
| ၂။ ကုန်စည်ထုတ်လုပ်ခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းတို့အတွက် သက်ဆိုင်ရာကာလအတွင်း (ကသခ-၃၁) အပါအဝင် ခုနှိမ်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန် (ညွှန်ကြားချက်ကိုကြည့်ပါ။) | |
| ၃။ ကုန်စည်တင်သွင်းခြင်းအတွက် သက်ဆိုင်ရာကာလအတွင်း (ကသခ-၃၂)အရ ခုနှိမ်ခွင့်ရှိသည့် စုစုပေါင်းကုန်သွယ်လုပ်ငန်းခွန် (ညွှန်ကြားချက်ကို ကြည့်ပါ။) | |
| ၄။ သက်ဆိုင်ရာကာလအတွင်း လစဉ်ပေးဆောင်သည့် စုစုပေါင်း အခွန်ငွေ | |
| ၅။ ယခုနှစ်သို့ သယ်ယူလာသော ယခင်နှစ်တွင် ပိုမိုပေးဆောင်ထားခဲ့သော အခွန်ပမာဏ | |
| ၆။ **သက်ဆိုင်ရာကာလအတွင်း ခုနှိမ်ခွင့်ရှိသည့် စုစုပေါင်းအခွန်** (အလျားကွက် ၂ + အလျားကွက် ၃ + အလျားကွက် ၄ + အလျားကွက် ၅ တို့ ပေါင်းလဒ်ကို ဖြည့်ပါ။) မည်သည့်ပေးဆောင်ခဲ့မှုများမရှိလျှင် “ဝ” ဟု ဖြည့်ပါ။ | |
| ၇။ **ပေးဆောင်ရန်ကျန်ပမာဏ** အလျားကွက် ၁ မှ အလျားကွက် ၆ ကို နုတ်ပါ။ “ဝ” သို့မဟုတ် “ဝ”အောက်လျော့နည်းပါက “ဝ” ဟုဖြည့်ပါ။ | |
| ၈။ **ပို၍ပေးဆောင်ထားသောပမာဏ** အလျားကွက် ၆ မှ အလျားကွက် ၁ ကို နုတ်ပါ။ “ဝ” (သို့မဟုတ်) “ဝ” အောက် လျော့နည်းပါက “ဝ” ဟုဖြည့်ပါ။<br>အကယ်၍ ပိုငွေကို ပြန်အမ်းပေးစေလိုပါက ဤအကွက်တွင် အမှတ်ခြစ်ပါ။ ► ☐ အကယ်၍ အမှတ်မခြစ်ထားပါက ပိုငွေကို နောင်လာမည့် အခွန်ကာလတွင် အသုံးပြုရန် ဆက်လက်သယ်ဆောင်သွားမည်။ | |

| **ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ၏ ကတိဝန်ခံချက်  (ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ မရှိပါက ဤအဆင့်ကိုဖြည့်သွင်းရန်မလိုပါ။)** | | | |
|---|---|---|---|
| အထက်ဖော်ပြပါ အချက်အလက်များသည် ကျွန်ုပ် သိရှိယုံကြည်သမျှ မှန်ကန်ပြည့်စုံပါကြောင်း ကျွန်ုပ်သိရှိရသော အချက်အလက်အားလုံးအရ ဝန်ခံလက်မှတ်ရေးထိုးပါသည်။<br>(မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။) | | | |
| ဆောင်ရွက်ခယူ၍ ကြေညာလွှာ ဖြည့်သွင်းသူ လက်မှတ် | | ရက်စွဲ (ရက်၊ လ၊ နှစ်) | |
| ဆောင်ရွက်ခယူ၍ ကြေညာလွှာ ဖြည့်သွင်းသူ အမည် | | အခွန်ထမ်းမှတ်ပုံတင်အမှတ် | |
| လုပ်ငန်းအမည် | | လုပ်ငန်းလိပ်စာ | |
| လုပ်ငန်း၏ အခွန်ထမ်းမှတ်ပုံတင်အမှတ် | | | |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | | အီးမေးလ်လိပ်စာ | |

<table>
<tr><td colspan="4">အခွန်ထမ်း(သို့) ကိုယ်စားလှယ်၏ ကတိဝန်ခံချက်</td></tr>
<tr><td colspan="4">အထက်ဖော်ပြပါ အချက်အလက်များသည် ကျွန်ုပ် သိရှိယုံကြည်သမျှ မှန်ကန်ပြည့်စုံပါကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။<br>(မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။)</td></tr>
<tr><td>လက်မှတ်</td><td></td><td>ရက်စွဲ (ရက်၊ လ၊ နှစ်)</td><td></td></tr>
<tr><td>ပုဂ္ဂိုလ်စု ကိုယ်စား ၊ အစိုးရအဖွဲ့အစည်းကိုယ်စား သို့မဟုတ်<br>တရားဝင် တာဝန်ယူ မဖြေရှင်းနိုင်သောသူကိုယ်စား<br>လက်မှတ်ရေးထိုးသူဖြစ်ပါက အမည်အပြည့်အစုံကိုဖော်ပြပါ။</td><td></td><td>ရာထူး</td><td></td></tr>
</table>

## အထွေထွေ ညွှန်ကြားချက်များ

## မည်သူသည် ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရမည်နည်း ။

မည်သူမဆို ပြည်တွင်းအခွန်များဦးစီးဌာနသို့ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန်ရှိပါက ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ **သုံးလပတ်ကြေညာလွှာ**နှင့် နှစ်ချုပ်ကြေညာလွှာတို့ **နှစ်ခုစလုံး**ကို တင်သွင်းရမည်။ ဤကြေညာလွှာသည် ကုန်သွယ်လုပ်ငန်းခွန် **နှစ်ချုပ်ကြေညာလွှာအတွက်သာ** ဖြစ်သည်။ သုံးလပတ်ကြေညာလွှာအတွက် သီးခြားကြေညာလွှာပုံစံရှိပါသည်။ ခြွင်းချက်များမှအပ မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် အခွန်ကျသင့်စေရမည်–

- ပြည်တွင်း၌ကုန်စည်ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးခြင်း
- ကုန်စည်တင်သွင်းခြင်း
- ကုန်သွယ်မှုဆောင်ရွက်ခြင်း (ကုန်သွယ်မှုဆိုသည်မှာ ကုန်စည်ကိုလက်ငင်းဖြစ်စေ၊ အကြွေးဖြင့်ဖြစ်စေ၊ အခြားဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ၊ ကုန်စည်ချင်းလဲလှယ်သည့်စနစ်ဖြင့်ဖြစ်စေ၊ အပ်ကုန်စနစ်ဖြင့်ဖြစ်စေ ဝယ်ယူရောင်းချသည့် ဆောင်ရွက်မှုကို ဆိုသည်၊)
- ဝန်ဆောင်မှုဆောင်ရွက်ခြင်း

**ခြွင်းချက်များ။** အောက်ဖော်ပြပါ ကိစ္စရပ်များအပေါ် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ–

- **၂၀၁၈–၂၀၁၉ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတွင် ပြဌာန်းထားသော ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သော ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ**
- ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး အဖွဲ့အစည်းတစ်ခုခုက ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးကိစ္စ သက်သက်အတွက် ထုတ်လုပ်ရောင်းချသည့် ကုန်စည် သို့မဟုတ် ဆောင်ရွက်သည့် ဝန်ဆောင်မှုများ၊ ကုသိုလ်ရေးဆိုသည်တွင် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါး သူများနှင့် သဘာဝအန္တရာယ် ကျရောက်ခံရသူများအား ကယ်ဆယ်စောင့်ရှောက်ရေးစသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများ (ထောက်ပံ့ သို့မဟုတ် လှူဒါန်းခြင်းသည် ပြည့်သူ့ကောင်းကျိုးအတွက် ရှိနေသ၍) ပါဝင်သည်။
- သမဝါယမကဏ္ဍ နှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ရန်မလိုပါ–
    - ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း **ထုတ်လုပ်ရောင်းရငွေစုစုပေါင်း** ကျပ်သိန်း ၅၀၀ တိတိ၊
    - ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း **ဝန်ဆောင်မှုရငွေ စုစုပေါင်း** ကျပ် သိန်း ၅၀၀ တိတိ၊
    - ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း **ရောင်းရငွေစုစုပေါင်း** ကျပ် သိန်း ၅၀၀ တိတိ။

ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတစ်ရပ်ကို နိုင်ငံခြားငွေဖြင့် ရရှိလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့် အညီ အဆိုပါ နိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို ယေဘုယျအားဖြင့် ကျပ်ငွေအဖြစ် ပြောင်းလဲပေးဆောင်ရမည်။

ကျသင့်သော အခွန်ကို –

- ကုန်စည်တင်သွင်းခြင်းဖြစ်ပါက ကုန်စည်တင်သွင်းသူက ပေးဆောင်ရမည်၊
- ကုန်စည်ထုတ်လုပ်ခြင်း သို့မဟုတ် ကုန်သွယ်မှု ဆောင်ရွက်ခြင်း သို့မဟုတ် တင်သွင်းလာသည့် ကုန်စည်ကို ပြန်လည်ရောင်းခြင်း သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ခြင်းဖြစ်ပါက ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ကုန်စည်တင်သွင်းသူ

သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူက ကုန်သွယ်လုပ်ငန်းခွန်မကျသင့်မီရောင်းရငွေ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်မီ ရငွေနှင့် အတူ ကုန်စည်ကို ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုကို ရယူသူထံမှ အခွန်ကို တစ်ပါတည်း ကောက်ခံပြီး ပေးဆောင်ရမည်။

## မည်သည့်အချိန်တွင် ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရမည်နည်း။

ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာကို သက်ဆိုင်ရာနှစ်ကုန်ဆုံးပြီးနောက် သုံးလအတွင်း (၃၀ စက်တင်ဘာလတွင် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည်) ကာလ အတွင်း တင်သွင်းရမည်။ ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် နှစ်ချုပ်ကြေညာလွှာကို ၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့ နောက်ဆုံးထား တင်သွင်း ရမည်။

## ဒဏ်ကြေးငွေများ

အောက်ဖော်ပြပါ ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပါက ပေးဆောင်ရမည့်အခွန်၏ ၁၀% နှင့် ညီမျှသော ဒဏ်ကြေးငွေ ကို ပေးဆောင်ရမည်–

- အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ မှတ်ပုံတင်ရန် ပျက်ကွက် ခြင်း၊
- အခွန်ဆိုင်ရာသတင်းအချက်အလက်ပြောင်းလဲမှုကို အကြောင်းကြားရန်ပျက်ကွက်ခြင်း၊
- အခွန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ထမ်းမှတ်ပုံတင် ပယ်ဖျက်ခြင်းကို ဥပဒေနှင့်အညီ လျှောက်ထားရန် ပျက်ကွက်ခြင်း။

အောက်ဖော်ပြပါ ကျူးလွန်မှုတစ်ရပ်ရပ်ကို ပြုလုပ်ပါက ကျပ် နှစ်သိန်းငါးသောင်းထက် မပိုသော ဒဏ်ကြေးငွေ ပေးဆောင်ရမည်–

- မမှန်ကန်သော သို့မဟုတ် ယင်းနှင့်မသက်ဆိုင်သည့် အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို အသုံးပြုခြင်း၊
- မမှန်ကန်သော ငွေတောင်းခံလွှာ သို့မဟုတ် အရောင်း ပြေစာထုတ်ပေးခြင်း၊
- မမှန်ကန်သော မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စု ထုတ်ပေးခြင်း၊
- ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုများကို အခွန်ဥပဒေ တစ်ရပ်ရပ်နှင့်အညီ မဟုတ်ဘဲ ပေးအပ်ခြင်း သို့မဟုတ် ပေးအပ်ရန် ပျက်ကွက်ခြင်း။

ကြေညာလွှာ တင်သွင်းထိုက်သူ ဖြစ်သော်လည်း သတ်မှတ်ထားသည့် ကာလအတွင်း တင်သွင်းရန် ပျက်ကွက်ပါက အောက်ပါ ဒဏ်ကြေးငွေ နှစ်ရပ် အနက်မှ များရာဒဏ်ကြေး ငွေကို ပေးဆောင်ရမည်–

- ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၅% အပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့ရက်မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှု ပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်း အတွက် ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၁%၊
- ငွေကျပ်တစ်သိန်း။

ပေးဆောင်ရမည့်အခွန်ပမာဏတွင် အရစ်ကျ ပေးဆောင် ရသည့် အခွန်များလည်းပါဝင်သည်။

လုံလောက်သောအကြောင်းပြချက်ဖြင့် ကြေညာလွှာအချိန်မီတင်သွင်းရန် နောက်ကျပါက ပြစ်ဒဏ်ကြေး ပေးဆောင်ရန် မလိုအပ်ပါ။

ကြေညာလွှာတွင် မမှန်ကန်သော ဖော်ပြချက် သို့မဟုတ် ချန်လှပ်ထားခဲ့သော အကြောင်းအချက်တစ်ခုခုနှင့် စပ်လျဉ်း၍ အခွန်ကို လျော့နည်း ပေးဆောင်ခဲ့ခြင်း သို့မဟုတ် လျော့နည်းပေးဆောင်ခဲ့ဖွယ်ရှိပြီး အဆိုပါ ဖော်ပြချက် သို့မဟုတ် ချန်လှပ်ထားချက်သည် အခွန်ထမ်းက ကြိုတင် ကြံရွယ်ချက်ဖြင့် ပြုလုပ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်းဖြစ် ပါက အောက်ဖော်ပြပါ ဒဏ်ကြေးငွေတစ်ရပ်ရပ်ကို ပေးဆောင်ရမည်–

- လျော့နည်းပေးဆောင်သည့် အခွန်ပမာဏသည် ကျပ် သိန်း ၁၀၀၀ ထက် ကျော်လွန်လျှင် သို့မဟုတ် ပေးဆောင်ရမည့်အခွန်၏ ၅၀% ထက် ကျော်လွန်လျှင် လျော့နည်းပေးဆောင်သည့် အခွန်ပမာဏ၏ ၇၅%၊
- အထက်ပါ အချက်နှင့် အကျုံးမဝင်ပါက လျော့နည်း ပေးဆောင်သည့် အခွန်ပမာဏ၏ ၂၅%။

မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သော ဖော်ပြချက်ကို တင်ပြသဖြင့် စည်းကြပ်မှုပြုလုပ်ရာတွင် အမှတ်ပေးဆောင်ရန် တာဝန်ရှိသော အခွန်အောက် လျော့နည်းပေးဆောင်ခဲ့ဖွယ် ရှိလျှင်ဖြစ်စေ၊ အမှန်ပြန်အမ်းရမည့်ငွေထက် ပိုမိုပြန်အမ်းခဲ့ဖွယ် ရှိလျှင်ဖြစ်စေ ဒဏ်ကြေးငွေ တစ်သိန်းငါးသောင်းအပြင် အောက်ပါဒဏ်ကြေးငွေတို့အနက် များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်–

- အမှန်ကျသင့်သည့်အခွန်နှင့် လျော့နည်းစည်းကြပ်ခဲ့နိုင် ဖွယ်ရှိသည့် အခွန်တို့၏ ခြားနားသည့်ပမာဏ၊
- အမှန်ပြန်အမ်းရမည့်ငွေကြေးနှင့် ပိုမိုပြန်အမ်းခဲ့နိုင်ဖွယ် ရှိသည့် ငွေကြေးတို့၏ ခြားနားသည့်ပမာဏ။

အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေအရသော်လည်းကောင်း၊ အခွန်ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း လိုအပ်သည့် စာတမ်းအမှတ်အသားများ ထိန်းသိမ်းရန်ပျက်ကွက်ပါက ပျက်ကွက်မှု ဆက်လက်ဖြစ်ပွားနေသည့် ရက်တစ်ရက်ချင်းစီ အတွက်ဖြစ်စေ၊ ရက်တစ်ရက်၏ တစ်စိတ်တစ်ပိုင်းအတွက် ဖြစ်စေ အောက်ဖော်ပြပါ ဒဏ်ကြေးငွေကို ပေးဆောင်ရမည်–

- ကျပ် ငါးသိန်းထက်မပိုသည့် အခွန်ပေးဆောင်ရန် တာဝန်ရှိသူဖြစ်ပါက ပျက်ကွက်မှု ဆက်လက် ဖြစ်ပွားနေသည့် ရက်တစ်ရက်စီအတွက် တစ်ရက်လျှင် ကျပ် ငါးထောင်၊
- ကျပ်သိန်း ၅၀ ထက်မပိုသည့် အခွန်ပေးဆောင်ရန် တာဝန် ရှိသူဖြစ်ပါက ပျက်ကွက်မှုဆက်လက် ဖြစ်ပွားနေသည့် ရက်တစ်ရက်စီအတွက် တစ်ရက်လျှင် ကျပ်ငါးသောင်း၊

- ကျပ်သိန်း ၅၀ ထက် ကျော်လွန်သည့် အခွန်ပေးဆောင်ရန် တာဝန်ရှိသူဖြစ်ပါက ပျက်ကွက်မှုဆက်လက် ဖြစ်ပွား နေသည့် ရက်တစ်ရက်စီအတွက် တစ်ရက်လျှင် ကျပ် တစ်သိန်း။

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၆၀ အရ ထုတ်ပြန်သည့် အကြောင်းကြားစာကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တတိယပုဂ္ဂိုလ် ပေးဆောင်ရမည့် အခွန်ပမာဏနှင့် ယင်း အကြောင်းကြားစာတွင် ဖော်ပြထားသည့် သတ်မှတ်ရက်တွင် ပေးဆောင်ပြီးဖြစ်သည့် အခွန်ပမာဏတို့ အကြားခြားနားချက် ၏ ၂၅% ကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရလည်းကောင်း၊ အခွန်ဥပဒေတစ်ရပ်ရပ်အရလည်းကောင်း အခွန်ဝန်ထမ်းကို ရုံးလုပ်ငန်းဆောင်ရွက်ရန် ထိုက်သင့်သည့်နေရာ၊ အသုံးအဆောင်နှင့် အကူအညီများပေးရန် ထိုက်သင့်သည့်နေရာ၊ အသုံးအဆောင်နှင့် အကူအညီများပေးရန် ပျက်ကွက်ပါက ကျပ်ငါးသိန်းထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေအရဖြစ်စေ၊ အခွန်ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ သင့်လျော်စွာ တောင်းခံသည့် သတင်းအချက်အလက်ကို သတ်မှတ်အချိန်အတွင်း ပေးအပ်ရန် ပျက်ကွက်ပါက ကျပ်ငါးသိန်းထက် မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

နောက်ကျပေးဆောင်ခြင်းများအတွက် အောက်ပါအတိုင်း ဒဏ်ကြေးငွေ ပေးဆောင်ရမည် ဖြစ်ပါသည်-

- စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှု ပြုလုပ်သည့်နေ့မှ ၁၄ ရက်အတွင်း သို့မဟုတ် စည်းကြပ်မှု အကြောင်းကြားစာပါ သတ်မှတ်ရက်တွင် ပေးဆောင်ရန်ရှိသည့် အခွန်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်း ကိုဖြစ်စေ ပေးဆောင်ရန် ပျက်ကွက်ပါက ပေးဆောင်ခြင်းမရှိသေးသည့် အခွန်၏ ၁၀% နှင့် ညီမျှသည့် ပမာဏ၊
- အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ အရစ်ကျပေးဆောင်ရမည့် အခွန်အားလုံးကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ အဆိုပါအရစ်အတွက် ပေးဆောင်ရန် သတ်မှတ်ရက်အတွင်း ပေးဆောင်ရန် ပျက်ကွက်ပါက ပေးဆောင်ခြင်းမရှိသေးသည့် အခွန်၏ ၁၀% နှင့် ညီမျှသည့် ပမာဏ။

ထို့ပြင် အခွန်စည်းကြပ်မှုပြုခြင်း၊ ပေးဆောင်စေခြင်း၊ ကောက်ခံခြင်းကို သိလျက်နှင့်တမင်ရှောင်တိမ်းခြင်း သို့မဟုတ် ရပိုင်ခွင့်မရှိသည့် ပြန်အမ်းငွေကို ရရှိရန် သိလျက်နှင့် တမင် ကြံရွယ်ချက်ဖြင့် တောင်းခံခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင် ခြင်းခံရလျှင် ၇ နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းငါးသောင်းနှင့် သက်ဆိုင်ရာကာလအတွက် ရှောင်တိမ်းခဲ့သည့် အခွန်၏ ၁၀၀% နှင့် ညီမျှသော ငွေပမာဏတို့အနက် များရာဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်ပါသည်။

# အသေးစိတ် ညွှန်ကြားချက်များ

## အခွန်ထမ်း၏ကိုယ်ရေးအချက်အလက်

### အလျားကွက် (ဃ)

ဤအခွန်ထမ်းအတွက် ပထမဆုံး ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာတင်သွင်းခြင်းဖြစ်လျှင် "ပြည်တွင်းအခွန်များဦးစီးဌာနထံသို့ တင်သွင်းသည့် ကနဦး ကြေညာလွှာ"အကွက်ကို အမှတ်ခြစ်ပါ။ ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ယခင်တင်သွင်းထားသည့် နှစ်ချုပ်ကြေညာလွှာကို ပြင်ဆင် တင်သွင်းခြင်းဖြစ်ပါက "၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပြင်ဆင်ထားသည့် ကြေညာလွှာ" အကွက်ကို အမှတ်ခြစ်ပါ။ ဤအခွန်ကြေညာလွှာ သည် ယခုဖော်ပြထားသည့် အခွန်ထမ်းအတွက် နောက်ဆုံးတင်သွင်းခြင်းဖြစ်ပါက (ဆိုလိုသည်မှာ အခွန်ထမ်းသည် လုပ်ငန်းဖျက်သိမ်းသည့်အတွက် ဆက်လက်တည်ရှိတော့မည်မဟုတ်သည့်အတွက်) "ပြည်တွင်းအခွန်များဦးစီးဌာနထံသို့ တင်သွင်းသည့် အပြီးသတ်ကြေညာလွှာ"ဆိုသည့်အကွက်ကို အမှတ်ခြစ်ပါ။ ယခင်ကြေညာလွှာ တင်သွင်းပြီးနောက် လိပ်စာအပြောင်းအလဲ ဖြစ်ပါက "လိပ်စာပြောင်းခြင်း"ဆိုသည့် အကွက်ကို အမှတ်ခြစ်ပါ။

### အပိုင်း(က)၊ ဒေါင်လိုက်အကွက် (က)

**ရောင်းရငွေ။** ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း အခွန်ကျသင့်စေမည်ဖြစ်သည်။ အထူးကုန်စည်ခွန်ဥပဒေတွင်ပါရှိသော ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်း ဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်သည်။ ဤကြေညာလွှာပါ ဒေါင်လိုက်ကွက်(က)တွင် တွက်ချက်သည့်အခါ ကုန်သွယ်လုပ်ငန်းခွန်ကို ထည့်သွင်းခြင်းမပြုပါနှင့်။ **ရောင်းရငွေဆိုသည်မှာ** ကုန်စည်ကို လက်ငင်းဖြစ်စေ၊ ကြွေးဖြင့်ဖြစ်စေ၊ အခြားဆိုင်းငံ့ စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ ရောင်းချ၍ ရငွေ သို့မဟုတ် ရရန်ငွေကို ဆိုလိုသည်။ ကုန်စည်ချင်းလဲလှယ်ခြင်းဖြစ်လျှင် ယင်းသို့ ပြုလုပ်ရာတွင် သတ်မှတ်သည့်တန်ဖိုးကိုဆိုသည်။ ယင်း စကားရပ်တွင် ကုန်စည်ကိုထည့်သွင်းထုတ်ပိုးသော ပစ္စည်းတန်ဖိုးလည်းပါဝင်သည်။

## အပိုင်း(က)၊ ဒေါင်လိုက်အကွက် (ဂ)

သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေသည် ကျပ်သိန်း ၅၀၀ ထက် မပိုလျှင်၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေ ကျပ်သိန်း ၅၀၀ ထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် မပေးဆောင်ရပါ။

ယခုကြေညာလွှာသည် ၁-၄-၂၀၁၉ မှ ၃၀-၉-၂၀၁၉ ရက်နေ့အထိ ၆ လတာကာလအတွက် တင်သွင်းသည့်ကြေညာလွှာဖြစ်သည့်အတွက် အဆိုပါကာလအတွင်း ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ထုတ်လုပ်ရောင်းရငွေ/ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေကို ၂ဆပြု၍ ရရှိသောစုစုပေါင်းပမာဏသည် ကျပ်သိန်း ၅၀၀ ထက်ကျော်လွန်ပါက စုစုပေါင်းပမာဏတစ်ခုလုံးအပေါ်တွင် (ကျပ်သိန်း ၅၀၀ အပါအဝင်) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်သည်။

## အပိုင်း (က)၊ အလျားကွက် ၁

**ပြည်ပသို့တင်ပို့ရောင်းချသည့် ရေနံစိမ်းများ။** ရေနံစိမ်းများ ပြည်ပသို့တင်ပို့ရောင်းချသည့်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅% ကျသင့်ရမည်။

## အပိုင်း (က)၊ အလျားကွက် ၂

**ပြည်ပသို့တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အား။** လျှပ်စစ်ဓာတ်အား ပြည်ပသို့တင်ပို့ရောင်းချသည့်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ၈% ကျသင့်ရမည်။

## အပိုင်း (က)၊ အလျားကွက် ၃

**ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှရောင်းရငွေ။** ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၁% ကျသင့်ရမည်။

## အပိုင်း (က)၊ အလျားကွက် ၄

**နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေ။** မြန်မာနိုင်ငံအတွင်း ဆောက်လုပ်ပြီး ရောင်းချသည့် အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၃% ကျသင့်ရမည်။ အဆောက်အအုံများ ဆောက်လုပ်ရောင်းချသည့်သူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် ပါဝင်သည့် အခွင့်အရေးများ ခံစားခွင့်ရှိသလို လိုအပ်ချက်များ လိုက်နာရန် တာဝန်ရှိပါသည်။

## အပိုင်း (က)၊ အလျားကွက် ၅

**အခြားကုန်စည်များ။** အခြားကုန်ပစ္စည်းများ၊ အပိုင်း(က) အလျားကွက် ၇ တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုး ကို မြန်မာနိုင်ငံအတွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင် လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း ၅% ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်သည်။

## အပိုင်း (က)၊ အလျားကွက် ၆

ကုန်သွယ်ခွန်ကင်းလွတ်ခွင့်ရကုန်စည်များ။ ၂၀၁၈-၂၀၁၉ ပြည်ထောင်စု အခွန်အကောက်ဥပဒေအရ အောက်ဖော်ပြပါ ကုန်စည်များမှ ရောင်းရငွေ အပေါ် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ။ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရ ကုန်စည်များမှ စုစုပေါင်းရောင်းရငွေကို အလျားကွက် ၆ တွင် ဖော်ပြပေးပါရန်-

**စားသောက်ကုန်စည်များ**

၁။ စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ၊ ဂျုံစေ့၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း၊ ပြောင်းအမျိုးမျိုးနှင့် ပြောင်းမှုန့်အမျိုးမျိုး။

၂။ ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ၊ မြေပဲတောင့်၊ မြေပဲဆန်၊ နှမ်း၊ ပန်းနှမ်း၊ မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့် ဆီကြိတ်ပြီးအဖတ်များ။

၃။ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ၊ ငရုတ်သီး၊ ငရုတ်သီးမှုန့်၊ နနွင်း၊ နနွင်းမှုန့်၊ ချင်း၊ မန်ကျည်းမှည့်၊ ဆားအမျိုးမျိုး။

၄။ သစ်သီးစိမ်းအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ။

၅။ လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်အချိုခြောက်၊ ပြုပြင်ထုတ်ပိုးထားသည့် လက်ဖက်ခြောက်အမျိုးမျိုး။

၆။ ငါးစို၊ ပုစွန်စို၊ အသားစိုနှင့် ကြက်ဥ၊ ဘဲဥ စသည့် ဥအမျိုးမျိုး။

၇။ ပဲဆီ၊ နှမ်းဆီ။

၈။ ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ၊ နို့၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး၊ ပဲနို့။

၉။ ငံပြာရည်အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး၊ ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး၊ ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်၊ ငါးပိအမျိုးမျိုး။

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာကုန်စည်များ**

၁၀။ ပိုးစာရွက်၊ ပိုးအိမ်။

၁၁။ သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်းနေသတ္တဝါများ၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ မျိုးစိတ်များ၊ ရေတွင်ပေါက်ဖွားသည့်အပင်များနှင့် မျိုးစေ့များ၊ အပင်ပေါက်များ၊ ရေညှိရေမှော်များ။

၁၂။ စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်များကြီးထွားသန်မာပြီး သီးပွင့်မှုအားကောင်းစေရန် အသုံးပြုသော မြေဆီ၊ ဓာတ်မြေဩဇာ အပါအဝင် မြေဩဇာအမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မှို၊ ဘက်တီးရီးယား၊ နီမတုတ်များနှင့် အခြားရောဂါ ကျရောက်မှုမရှိစေရေး စိုက်ပျိုးရေးသုံးရောဂါကာကွယ်ဆေးနှင့် ရောဂါသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံး ခြံဖျန်းဆေး အမျိုးမျိုး (အိမ်သုံးခြင်ဆေး၊ စပရေး၊ ကြွက်သတ်ဆေးများမပါဝင်)။

၁၃။ ဆီအုန်း၊ နေကြာစေ့၊ ဝါစေ့၊ ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။

၁၄။ ဝါအမျိုးမျိုး၊ ဖာလာ၊ သနပ်ခါးနှင့် အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် လယ်ယာကိုင်းကျွန်းဥယျာဉ်ထွက်ကုန်များ၊ အုန်းဆီ(စားအုန်းဆီမဟုတ်)။

၁၅။ အုန်းဆံချည်ခင်။

၁၆။ ထင်း၊ ဝါး၊ ကြိမ် အကြမ်းအချော၊ ထင်းအစားထိုးလောင်စာတောင့်။

**ကျောင်းသုံး၊ ရုံးသုံးကုန်စည်များ**

၁၇။ ချိပ်များ၊ တံဆိပ်ခေါင်းအမျိုးမျိုး(အခွန်အမှတ်တံဆိပ်အပါအဝင်)။

၁၈။ နိုင်ငံတော်အလံ။

၁၉။ ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ၊ ခဲတံလုပ်ရန်ခဲဆံ။

၂၀။ ကျောင်းသုံးစာအုပ်အမျိုးအမျိုး၊ အခြေခံကျောင်း၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာ အခြေပြုစာအုပ်အမျိုးအမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုး၊ သုတရသစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် သတင်းစာအမျိုးမျိုး ယင်းစာအုပ်စာပေများ ထုတ်လုပ်ရန် စက္ကူများ (40 Gsm မှ 80 Gsm အတွင်းသာ)၊ ခဲတံအမျိုးမျိုး၊ ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။

**ကျန်းမာရေးဆိုင်ရာကုန်စည်များ**

၂၁။ ပရဆေးများ။

၂၂။ ပျားရည်၊ ပျားဖယောင်း။

၂၃။ ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက် ပစ္စည်းကိရိယာတန်ဆာပလာများနှင့် ကုသရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာ သုံးပစ္စည်းကိရိယာတန်ဆာပလာများ၊ ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံးတစ်ခါသုံး နှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove)၊ တုပ်ကွေးရောဂါကူးစက်ခြင်းအား ကာကွယ်ရန် တပ်ဆင်သည့် နှာခေါင်း စည်း၊ အိမ်သုံးဆေးဝါး၊ အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ်ရရှိပြီး ဆေးဝါးများ၊ တိုင်းရင်းဆေးဝါးကုန်ကြမ်းများအပါအဝင် ဆေးဝါးကုန်ကြမ်းများ)။

၂၄။ ကွန်ဒုံး။

**ဘာသာရေးနှင့် လူမှုရေးသုံးကုန်စည်များ**

၂၅။ စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်)၊ ဘာသာရေးဆိုင်ရာ အဝတ်အထည်များ။

၂၆။ မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ နာရေးယာဉ်များ၊

၂၇။ ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသော ကုန်စည်များ။

**သယ်ယူပို့ဆောင်ရေးဆိုင်ရာကုန်စည်များ**

၂၈။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။

၂၉။ ပြည်တွင်းပြည်ပခရီးသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန်ရောင်းချသည့် ဂျက်လေယာဉ်ဆီ။

၃၀။ လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံး စက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။

**စက်မှုလုပ်ငန်းသုံးကုန်စည်များ**

၃၁။ အရောင်ချွတ်ဖတ်။ (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hypochlorite များသာ)၊ ဆပ်ပြာမှုန့်ပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။

၃၂။ ဂုန်လျှော်နှင့် အခြားလျှော်များ၊ ကြက်ပေါင်စေး၊ လျှော်ဖြူးစေး (ခေါ်) ဆေးကုလားမ။

၃၃။ လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးစက်နှင့်စက်အပိုပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင်ထွန်ယက်သည်မှ သီးနှံရိတ်သိမ်းခြွေလှေ့အခြောက်ခံသည်အထိ လူ သို့မဟုတ် တိရစ္ဆာန်၏ လုပ်အားနှင့်တွဲဖက်၍ သော်လည်းကောင်း၊ စက်စွမ်းအားသီးသန့်သော်လည်းကောင်း ဆောင်ရွက်နိုင်သောကိရိယာ၊ စက်နှင့်စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ရန်လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ မွေးမြူရေးလုပ်ငန်းသုံး စက်နှင့်စက်အပိုပစ္စည်းများ၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်၊ အစာထုတ်လုပ်ရန် ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ(အိမ်မွေးတိရိစ္ဆာန်များအတွက် အသုံးပြုသော တိရစ္ဆာန်အစားအစာများမပါဝင်)၊ တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများနှင့် ကာကွယ်ဆေးများ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာနမှ လက်မှတ်ရရှိပြီး ဆေးဝါးနှင့် ကာကွယ်ဆေးများအပါအဝင်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပေးသည့် ထောက်ခံချက်ရရှိထားသော ဆေးဝါးများအပါအဝင်)၊ မျိုးမြင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အေးခဲမျိုးရည်အပါအဝင် သန္ဓေသားလောင်းနှင့် မေထုန်မဲ့ သားစပ်လုပ်ငန်းသုံးကိရိယာများ)။

၃၄။ ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။

၃၅။ လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ၊ လက်ခစားအပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများက လုပ်ငန်းလိုအပ်ချက်အရ ပြန်လည် ရောင်းချရန်မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။

**ကာကွယ်ရေးဆိုင်ရာကုန်စည်များ**

၃၆။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ ပစ္စည်းနှင့် ကိရိယာများ၊ ယင်းတို့၏အရန်နှင့် အပိုပစ္စည်းများ၊ နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ (ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ခွင့်ပြုချက်ဖြင့် တင်သွင်းသော ပစ္စည်းအမျိုးအမည်များသာ)၊ ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန် ဝယ်ယူသည့်ကုန်စည်များ။

**ကျောက်မျက်ရတနာနှင့်တွင်းထွက်ကုန်စည်များ**

၃၇။ ရွှေစင်ရွှေတုံးများ (စံချိန်မီရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါး) နှင့် အစိုးရကကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ ကျောက်မျက်ရတနာ အရိုင်းထည်၊ အချောထည်များ။

၃၈။ ရေနံချေး။

**အထွေထွေကုန်စည်များ**

၃၉။ ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် ရောင်းချသည့်ပစ္စည်းများ။

၄၀။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်များဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့်ကုန်စည်များ။

၄၁။ နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။

၄၂။ အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျှော့အကောက်ခွန် (Draw Back) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များ။

## အပိုင်း(ခ)၊ ဒေါင်လိုက်အကွက် (က)

**စုစုပေါင်းရငွေ။** ဤကြေညာလွှာပါ ဒေါင်လိုက်ကွက် (က) တွင် တွက်ချက်သည့်အခါ ကုန်သွယ်လုပ်ငန်းခွန်ကို ထည့်သွင်းခြင်း မပြုပါနှင့်။ သို့သော် ပေးဆောင်ထားသော အထူးကုန်စည်ခွန်ပမာဏကို ထည့်သွင်းပါ။

## အပိုင်း(ခ)၊ ဒေါင်လိုက်အကွက် (ဂ)

သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေသည် ကျပ်သိန်း ၅၀၀ ထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် မပေးဆောင်ရပါ။

ယခုကြေညာလွှာသည် ၁-၄-၂၀၁၉ မှ ၃၀-၉-၂၀၁၉ ရက်နေ့အထိ ၆ လတာကာလအတွက် တင်သွင်းသည့်ကြေညာလွှာဖြစ်သည့်အတွက် အဆိုပါကာလအတွင်း ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ရောင်းရငွေကို ၂ဆပြု၍ ရရှိသော စုစုပေါင်းပမာဏသည် ကျပ်သိန်း ၅၀၀ ထက်ကျော်လွန်ပါက စုစုပေါင်းပမာဏတစ်ခုလုံးအပေါ်တွင် (ကျပ်သိန်း ၅၀၀ အပါအဝင်) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်သည်။

## အပိုင်း(ခ)၊ အလျားကွက် ၁

**ဆက်သွယ်ရေးဝန်ဆောင်မှုများ – ကြိုတင်ငွေဖြည့်ကဒ်များ/ဖုန်းပြောဆိုခများ။** ကြိုတင်ငွေဖြည့်ကဒ်များရောင်းရငွေများ သို့မဟုတ် ဖုန်းပြောဆိုခရငွေများအား ဤအလျားကွက်တွင် ဖော်ပြပါ။

## အပိုင်း(ခ)၊ အလျားကွက် ၂

**ဆက်သွယ်ရေးဝန်ဆောင်မှုများ – အခြားဆက်သွယ်ရေးဝန်ဆောင်မှုများ** ကြိုတင်ငွေဖြည့်ကဒ်များရောင်းရငွေများ သို့မဟုတ် ဖုန်းပြောဆိုခရငွေများနှင့်မသက်ဆိုင်သော အခြားဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုများဖြစ်သည့် ဥပမာ ဖုန်းကိုယ်ထည်များ (Handsets)၊ ဆင်းမ်ကဒ်များ (SIM cards) စသည်တို့ ရောင်းချရငွေအား ဤအလျားကွက်တွင် ဖော်ပြပါ။

## အပိုင်း(ခ)၊ အလျားကွက် ၃

**နိုင်ငံတော်အတွင်း ဆောင်ရွက်သည့် ကျန်ဝန်ဆောင်မှုလုပ်ငန်းများ။** အပိုင်း (ခ)၊ အလျားကွက် ၄ တွင် ဖေါ်ပြထားသည့် ဝန်ဆောင်မှုများမှတစ်ပါး မြန်မာနိုင်ငံအတွင်း၌ဆောင်ရွက်သည့် အခြားဝန်ဆောင်မှု လုပ်ငန်းများမှ ရငွေများအပေါ်တွင် ၅% ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်သည်။

## အပိုင်း(ခ)၊ အလျားကွက် ၄

**ကုန်သွယ်ခွန်ကင်းလွတ်ခွင့်ရ ဝန်ဆောင်မှုလုပ်ငန်းများ။** အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ။ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ရ ဝန်ဆောင်မှုလုပ်ငန်းများမှ စုစုပေါင်းရောင်းရငွေကို အလျားကွက် ၄ တွင် ဖော်ပြရန်–

**နိုင်ငံခြားရေးကဏ္ဍ**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်များဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများက ရယူသည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် ဝန်ဆောင်မှုလုပ်ငန်း။

**ကာကွယ်ရေးကဏ္ဍ**

၂။ ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှုဝန်ဆောင်မှုလုပ်ငန်း။

**သာသနာရေးနှင့်ယဉ်ကျေးမှုကဏ္ဍ**

၃။ ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။
၄။ ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။

**ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ**

၅။ ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။
၆။ ကုန်စည်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူ ပို့ဆောင်ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။
၇။ နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။
၈။ လမ်းအသုံးပြုခ ကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။
၉။ ပြည်တွင်းပြည်ပလေကြောင်း ခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။
၁၀။ အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။

**ပညာရေးနှင့်ပြန်ကြားရေးကဏ္ဍ**

၁၁။ ပညာရေးဝန်ဆောင်မှုလုပ်ငန်း။
၁၂။ စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာထုတ်ဝေရေးဝန်ဆောင်မှုလုပ်ငန်းများ။

**ကျန်းမာရေးကဏ္ဍ**

၁၃။ ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။
၁၄။ ရိုးရာအကြောပြင်ဝန်ဆောင်မှုလုပ်ငန်း/ မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။
၁၅။ တိရစ္ဆာန် ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။
၁၆။ အများသုံး သန့်စင်ခန်းအသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။

**စီမံကိန်းနှင့်ဘဏ္ဍာရေးကဏ္ဍ**

၁၇။ အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။
၁၈။ အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။
၁၉။ အရင်းအနှီးဈေးကွက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။
၂၀။ ဘဏ်နှင့်ဗဟိုဘဏ်မှခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။
၂၁။ အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။
၂၂။ အောင်ဘာလေသိန်းထီလုပ်ငန်း။

**လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးကဏ္ဍ**

၂၃။ ဒေ့ခ်ကျေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။

၂၄။ နာရေးဝန်ဆောင်မှုလုပ်ငန်းများ။

၂၅။ ကလေးသူငယ်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုလုပ်ငန်း။

**စက်မှုနှင့်လျှပ်စစ်ကဏ္ဍ**

၂၆။ ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။

၂၇။ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ။

၂၈။ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသေးသော ဒေသများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော ပုဂ္ဂလိကအသေးစား လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများ။

**အထွေထွေကဏ္ဍ**

၂၉။ နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။

၃၀။ နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။

၃၁။ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာန စသည့် အဖွဲ့အစည်းအချင်းချင်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများက ဝန်ဆောင်မှုရယူခြင်းမပါ)။

## အပိုင်း (ဂ)

## အပိုင်း (ဂ)၊ အလျားကွက် ၂

အခွန်ထမ်းသည် ကုန်စည်ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းတို့အတွက် အဆိုပါကုန်စည်ကို ဝယ်ယူခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းတို့အတွက် ပေးဆောင်ထားသော ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်ရှိသည်။ စည်းမျဉ်း ၄၂ ကို ကြည့်ပါ။ ကသခ-၃၁ အပါအဝင် ပေးဆောင်ပြီးသား ကုန်သွယ်လုပ်ငန်းခွန်များကို ဤအကွက်တွင်ဖြည့်ပါ။ မရောင်းရသေးသည့် ကုန်စည်လက်ကျန်များ၊ ပုံသေပိုင်ပစ္စည်းများ (fixed assets) သို့မဟုတ် အခြေပစ္စည်း ဝယ်ယူမှုများအတွက် ပေးဆောင်ပြီးသား ကုန်သွယ်လုပ်ငန်းခွန် မဖြည့်သွင်းရ။ ကသခ-၃၁ များအတွက် ကသခ-၃၃ အား ပူးတွဲတင်ပြရမည်။

ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။ ဘဏ္ဍာနှစ်အတွင်း ကသခ-၃၁၊ ကသခ-၃၂ တို့ဖြင့် ခုနှိမ်၍ ပိုလျှံနေသည့်ပမာဏ အား ယင်းဘဏ္ဍာနှစ်အတွက် ဝင်ငွေခွန်တွက်ချက်ရာတွင် စီးပွားရေးလုပ်ငန်း၏ အသုံးစရိတ်အဖြစ်သာ သတ်မှတ်ခွင့်ပြုမည်ဖြစ်သည်။

## အပိုင်း(ဂ)၊ အလျားကွက် ၃

အခွန်ထမ်းသည် ကုန်စည်ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းတို့အတွက် အဆိုပါ ကုန်စည်ကိုတင်သွင်းစဉ်က ပေးဆောင်ထားသော ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်ရှိသည်။ စည်းမျဉ်း ၄၂ ကို ကြည့်ပါ။ ဤအလျားကွက်တွင် ကသခ-၃၂ အရ ခုနှိမ်မည့် ကုန်သွယ်လုပ်ငန်းခွန်များကို ဖော်ပြရန်ဖြစ်သည်။ ကသခ-၃၂ များအတွက် ကသခ-၃၃ အား ပူးတွဲတင်ပြရမည်။

ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။ ဘဏ္ဍာနှစ်အတွင်း ကသခ-၃၁၊ ကသခ-၃၂ တို့ဖြင့် ခုနှိမ်၍ ပိုလျှံနေသည့်ပမာဏ အား ယင်းဘဏ္ဍာနှစ်အတွက် ဝင်ငွေခွန်တွက်ချက်ရာတွင် စီးပွားရေးလုပ်ငန်း၏ အသုံးစရိတ်အဖြစ်သာ သတ်မှတ်ခွင့်ပြုမည်ဖြစ်သည်။

## အပိုင်း (ဂ)၊ အလျားကွက် ၄

နှစ်တစ်နှစ်အတွင်း လစဉ်ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန် စုစုပေါင်းကို ဖော်ပြပါ။ လစဉ်ပေးဆောင်သည့်ပမာဏကို ယခင်နှစ်မှ သယ်ယူလာသောပိုမိုပေးဆောင်ခဲ့သည့်အခွန်နှင့် ကိုက်ညှိပြီး ပေးသွင်းနိုင်ပါသည်။

## အပိုင်း(ဂ)၊ အလျားကွက် ၅

**ယခင်နှစ်တွင်ပိုမိုပေးဆောင်ထားခဲ့သောအခွန်။** ဤနှစ်အတွက်အသုံးပြုရန် ဆုံးဖြတ်ထားသော ယခင်နှစ်တွင် ပိုမိုပေးဆောင်ထားခဲ့သော အခွန်ပမာဏကို ဤအလျားကွက်တွင် ဖြည့်ပါ။

## အပိုင်း(ဂ)၊ အလျားကွက် ၇

**ပေးဆောင်ရန်ကျန်ပမာဏ။** အလျားကွက် ၇ ရှိ ပမာဏသည် ကြေညာလွှာတင်သွင်းသည့်အချိန်တွင် ပေးဆောင်ရမည့် ကျသင့်ခွန် ဖြစ်သည်။ အခွန်ကြေညာလွှာကို မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ (သို့) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး စသည့် သက်ဆိုင်ရာဌာနသို့ တင်သွင်းရမည်။

**လစဉ်ကျသင့်သော အခွန်ကို သက်ဆိုင်ရာလကုန်ဆုံးပြီး ၁၀ ရက်အတွင်းပေးဆောင်ရမည်။** ကျသင့်ခွန်ကို မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ပေးဆောင်ရမည်။ ဘဏ်မှ ထုတ်ပေးသော ချလံကို မှတ်တမ်းအဖြစ် သိမ်းထားရမည်။ ထို့ပြင် www.ird.gov.mm website မှတစ်ဆင့် MPU ကဒ်ဖြင့်ဖြစ်စေ၊ ပုဂ္ဂလိက ဘဏ်ခွဲများမှတစ်ဆင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-Net စနစ်ရှိ Customer Credit Transfer Function (CCT) ကို အသုံးပြု၍ဖြစ်စေ ပေးဆောင်နိုင်ပါသည်။ MPU နှင့် CBM-Net မှတစ်ဆင့် ပေးဆောင်ခြင်းများအတွက် မြန်မာ့စီးပွားရေးဘဏ်၏ သက်ဆိုင်ရာငွေစာရင်းသို့ အခွန်ငွေ လက်ခံရရှိသည်နှင့် တစ်ပြိုင်နက် ပြည်တွင်းအခွန်များဦးစီးဌာနမှ လုံခြုံမှုအဆင့် (QR Code) ပါသော အခွန်ငွေလက်ခံရရှိကြောင်းအကြောင်းကြားစာအား အီးမေးလ်မှတစ်ဆင့် ပေးပို့မည်ဖြစ်ပါသည်။ ထိုအကြောင်းကြားစာအား ချလံကဲ့သို့ပင် မှတ်တမ်းအဖြစ် သိမ်းထားရမည်။

## အပိုင်း (ဂ) ၊ အလျားကွက် ၈

**ယခင်နှစ်တွင်ပို၍ပေးဆောင်ထားခဲ့သော အခွန်ပမာဏ။** အလျားကွက် ၈ ရှိ ပမာဏသည် အခွန်ကြေညာလွှာတွင် တွက်ချက်မှုမှန်ကန်ပါက အဆိုပါ ပိုမိုပေးဆောင်ထားသည့် အခွန်ပမာဏအား အခွန် ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၄၃ နှင့်အညီ ပြန်အမ်းငွေကို ရယူနိုင်မည်ဖြစ်သည်။

သက်ဆိုင်ရာအခွန်ကာလ ကုန်ဆုံးပြီး ခြောက်နှစ်အတွင်း အခွန်ထမ်းက လျှောက်ထားတောင်းခံခြင်း သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က တွေ့ရှိဆောင်ရွက်ခြင်း ဖြစ်မှသာ ခွင့်ပြုနိုင်သည်။ အခွန်ပိုငွေများကို ပြန်အမ်းငွေအဖြစ် ရယူလိုပါက အလျားကွက် **၈** ရှိ အကွက်တွင် အမှတ်ခြစ်ပါ။

# ဆောင်ရွက်ခယူ၍ ကြေညာလွှာ ဖြည့်သွင်းသူ၏ ကတိဝန်ခံချက်

ဤကြေညာလွှာမတင်သွင်းမီ စာမျက်နှာ ၂ ၌ ဆောင်ရွက်ခယူ၍ ကြေညာလွှာဖြည့်သွင်းသူ (ဥပမာ။ သင်၏ စာရင်းကိုင် သို့မဟုတ် စာရင်းစစ်ဆေးသူ) အား ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေရမည်။ အကယ်၍ သင်၏ ဝန်ထမ်းမှ ဆောင်ရွက်ပါက ဤအပိုင်းတွင် လက်မှတ်ရေးထိုးရန် မလိုအပ်ပါ။

မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။

# အခွန်ထမ်း (သို့) ကိုယ်စားလှယ် ၏ ကတိဝန်ခံချက်

ဤကြေညာလွှာကို မတင်သွင်းမီ စာမျက်နှာ ၃ တွင် လက်မှတ်ထိုးရမည်။

- ပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါက ထို ပုဂ္ဂိုလ်မှ လက်မှတ်ရေးထိုးရမည်။
- သမဝါယမ အသင်းအဖွဲ့ဖြစ်ပါက ဥက္ကဋ္ဌ (သို့) အတွင်းရေးမှူးမှ လက်မှတ်ရေးထိုးရမည်။
- ကုမ္ပဏီ ဖြစ်ပါက ကုမ္ပဏီ ၏ ကိုယ်စားလှယ်၊ အတွင်းရေးမှူး၊ အထွေထွေမန်နေဂျာ (သို့) မန်နေဂျာမှ လက်မှတ်ရေးထိုးရမည်။
- နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းဖြစ်ပါက၊ စီမံရေးရာ(သို့) ငွေစာရင်းဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးမှ လက်မှတ်ရေးထိုးရမည်။

မှတ်ချက်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။